## Letter to the Churches – GAFCON Assembly 2018 (22nd June 2018, Jerusalem, Israel)

### အသင်းတော်များသို့ ပေးပို့စာ - ၂၀၁၈ GAFCON ညီလာခံ
### (ဇွန်လ၊ ၂၂ ရက်၊ ၂၀၁၈၊ ယေရုရှလင်မြို့၊ အစ္စရေး နိုင်ငံ)

မှတ်ချက်။ GAFCON = Global Anglican Future Conference - ဂဂ်(ဖ)ကွန် = ကမ္ဘာလုံးဆိုင်ရာ အင်္ဂလီကန်အနာဂတ် ညီလာခံ ကို ၂၀၀၈ ခုနှစ်၊ ဇွန်လတွင် အစ္စရေးနိုင်ငံ၊ ယေရုရှလင်မြို့ ၌ ပထမဆုံးအကြိမ်ကျင်းပခဲ့ပါသည်။ ဤ ညီလာခံကို ၂၀၀၈ မှစ၍၊ ငါးနှစ်တကြိမ်ကျင်းပခဲ့ပြီး၊ ကျင်းပရသည့်အကြောင်းရင်းမှာ၊ ကျမ်းစာတော်နှင့်မကိုက်ညီသောမှားယွင်းသည့် သင်ကြားမှုများကမ္ဘာတဝှမ်းရှိ အင်္ဂလီကန်အသင်းတော်များ သို့စီးဝင်လာခြင်းကို မတားဆီးဘဲ၊ သင်ကြားမှုအမှားနောက် ကိုလိုက်သောအသင်းတော်များ နှင့်သာသနာပိုင်ချုပ်နယ်များ ကြောင့် အင်္ဂလီကန် သဟာယအတွင်း ပြိုကွဲမှုများ ရှိလာ၍၊ တောင်ကမ္ဘာလုံးဆိုင်ရာအင်္ဂလီကန်သာသနာပိုင်ချုပ်ကြီးအချို့တို့၏ဦးဆောင်မှုဖြင့်၊မှန်ကန်သောဧဝံဂေလိတရားတော် နောက်လိုက်သောအသင်းတော်များနှင့်သာသနာပိုင်ချုပ်နယ်များကပူးပေါင်းပါဝင်ကြပြီး၊အင်္ဂလီကန်သဟာယတခုလုံးကို စည်းလုံးညီညွတ်စွာဖြင့် လမ်းမှားမလိုက်စေရန်အတွက် ဖြစ်ပါသည်။ ယခုနှစ် ဇွန်လ ၁၆ ရက်မှ ၂၂ရက်တွင်၊ တတိယ အကြိမ်မြောက် ဂဂ်(ဖ)ကွန်ညီလာခံကို၊ အစ္စရေးနိုင်ငံ၊ ယေရုရှလင်မြို့ ၌ကျင်းပခဲ့ရာ၊ မြန်မာနိုင်ငံ ခရစ်ယာန် အသင်းတော် မှ၊ သာသနာပိုင်ချုပ်ကြီးနှင့်တကွ သာသနာပိုင်ကြီးများနှင့်တပည့်တော်များပါဝင်တက်ရောက်ခဲ့ကြပါသည်။ ဤညီလာခံမှ အောက်ပါ "**အသင်းတော်များသို့ ပေးပို့စာ**" ကိုထုတ်ပြန်ကြေညာခဲ့ပါသည်။

**တတိယမြောက်ဂဂ်(ဖ)ကွန်ညီလာခံမှ အသင်းတော်များသို့ပေးပို့းစာ။**

"သင်တို့အပေါ်သို့သန့်ရှင်းသောဝိညာဉ်တော်ဆင်းသက်သောအခါ၊ သင်တို့သည်တန်ခိုးကိုခံရ၍၊ ယေရုရှလင်မြို့မှစသော၊ ယုဒပြည်၊ ရှမာရိပြည်၊ မြေကြီးစွန်းတိုင်အောင် ငါ၏သက်သေဖြစ်ကြလိမ့်မည်ဟု မိန့်တော်မူ၏။" (တမန်တော်ဝတ္ထု ၁း ၈)

အရှင်သခင်ယေရှုခရစ်တော် ဖွားမြင်ခြင်း၊ သာသနာပြုခြင်း၊ အသေခံခြင်း၊ ရှင်ပြန်ထမြောက်ခြင်းနှင့် ကောင်းကင်ဘုံသို့ တက်ကြွတော်မူခြင်းများဖြစ်ခဲ့သည့်တိုင်းနိုင်ငံမှနှုတ်ခွန်းဆက်သလိုက်ပါသည်။ အစ္စရေးနိုင်ငံ၊ ယေရုရှလင်မြို့၌၊ ၂၀၁၈ ခုနှစ် ဇွန်လ တွင်ပြုလုပ်ကျင်းပ သည့် ဤ တတိယအကြိမ်မြောက် ဂဂ်(ဖ)ကွန်ညီလာခံ သည်၊ တက်ရောက်သူအများဆုံးသော ကမ္ဘာလုံးဆိုင်ရာ အင်္ဂလီကန်ညီလာခံများထဲ မှတခုအပါအဝင်ဖြစ်ပါသည်။ တပည့်တော် ၉၆၅ယောက်၊ ဘုန်းတော်ကြီး ၆၆၉ ပါး၊ သာသနာပိုင် ၃၁၆ ပါး၊ စုစုပေါင်း တက်ရောက်သူ ၁၉၅၀ က နိုင်ငံ ပေါင်း ၅၀ ကို ကိုယ်စားပြုတက်ရောက်ကြ ပါသည်။ နိုင်ငံရပ်ခြားမှ မိတ်ဆွေများ ဘုရားသခင်၏ရှေ့တော်မှောက်၌ တွေ့ဆုံကြရာတွင်၊တစိတ်တဝမ်းတည်း ရှိနေသည့်စိတ်ဓါတ်က ဤ ညီလာခံတရှောက်လုံးတွင် ထင်ဟပ်နေပါသည်။

ကျွန်ုပ်တို့တက်ရောက်သူများသည် ဝမ်းမြောက်ပျော်ရွှင်ဘွယ်ကောင်းသောကိုးကွယ်ဝတ်ပြုမှုများ၌ပါဝင်ခြင်း၊ အဖွဲ့ငယ် များဖြင့်ပါဝင်ဆုတောင်း ခြင်း များအပြင်၊ ရှင်းလင်းတင်ပြခြင်းများ၊ ကွန်ယက်ဆက်နွယ်မှုများ နှင့်၊ သင်ကြားပို့ချခြင်းများ ရရှိ ခြင်းကြောင့် စိတ်ရွှင်လန်းတက်ကြွခြင်းဖြစ်ရပါသည်။

ကျွန်ုပ်တို့အားလုံးသည်၊ "**ခရစ်တော်ရှင်အားသစ္စာရှိစွာဖြင့်တိုင်းနိုင်ငံများသို့ ကြေညာခြင်း**" ဆိုသောဆောင်ပုဒ် အောက်၌ အတူတကွတွေ့ဆုံခဲ့ကြပါသည်။ နေ့စဉ်ဆုတောင်းဝတ်ပြုခြင်းဖြင့်အစပြုပြီး၊ ရှင်လုကာ ၂၂-၂၄ ဖြင့်သမ္မာကျမ်းစာ ရှင်းလင်းတင်ပြခြင်း များအပြင်၊ **ဘုရားသခင်၏ ဧဝံဂေလိ၊ ဘုရားသခင်၏ အသင်းတော် နှင့် ဘုရားသခင်၏ ကမ္ဘာ၊** အစရှိသော သင်ကြားပို့ချဆွေးနွေးခြင်းများကိုပြုလုပ်ပါသည်။

**ဘုရားသခင်၏ ဧဝံဂေလိ ကိုကြေညာခြင်း။**

သုံးပါးပေါင်းတဆူတည်းသော ဘုရားသခင်၏ ဧဝံဂေလိတရားတော်ကို ကျွန်ုပ်တို့၏ အသင်းတော်များနှင့်ကမ္ဘာတဝှမ်းလုံးသို့ ကြေညာရမည့် ကျွန်ုပ်တို့ ၏ အပ်နှံလုပ်ဆောင်ခြင်းကို ဤညီလာခံ၌ ထပ်မံအသစ်ပြုပါသည်။ ဂင်(ဖ)ကွန် ဥက္ကဌ ကြီးရဲ့ အဖွင့်မိန့်ခွန်း မှာ ကျွန်ုပ်တို့ ကို ဤ ကဲ့သို့ သတိပေးထားပါသည်။ "**ဘုရားသခင်၏ ဧဝံဂေလိတရားတော်သည် အရှင်ယေရှုခရစ်တော်၏ အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းများအားဖြင့် အသက်တာပြောင်းလဲမှုဖြစ်စေပြီး၊ အပြစ်နှင့်နောက်ဆက်တွဲများမှ ကယ်တင်ခြင်းရစေသောသတင်းကောင်းဖြစ်သည်။ ထိုသတင်းကောင်းသည် ကြေညာခြင်း နှင့် လှုံ့ဆော်ခြင်း နှစ်ခုလုံးကို ပြုစေသည်။ကျွန်ုပ်တို့အတွက်ခရစ်တော်ယေရှု ပြုလုပ်ပေးမှုကို ကြေညာရမှာဖြစ်ပြီး၊ ခရစ်တော်ယေရှုထံ နောင်တရခြင်း၊ သစ္စာစောင့်ခြင်း နှင့် နာခံခြင်းများဖြင့်သွားဘို့ကိုလှုံ့ဆော်ရမှာဖြစ်သည်။**" ဘုရားသခင်၏ ဧဝံဂေလိတရားတော်သည်၊ သူ၏ ကနဦး ဖန်ဆင်းခြင်းအကြံအစည်တော်ကို ရှိမြဲအတိုင်းပြန်ရှိစေခြင်းနှင့် ပြန်လည်အတည်ပြုခြင်းများကိုဖြစ်စေသည်။ ဤတရားတော်သည်ယောကျ်ား၊ မိန်းမ နှင့် ကလေးသူငယ် အားလုံးတို့အတွက် ဖြစ်ပြီး၊ အမှန်တကယ်ရှိသော ငရဲ နှင့် နောက်ဆုံးသော တရားဆုံးဖြတ်ရာ နေ့များနှင့်ပတ်သက်၍ ကျွန်ုပ်တို့အတွက် တခုတည်းသောမျှော်လင့်ချက်လည်းဖြစ်သည်။

ဘုရားသခင်၏ဧဝံဂေလိတရားတော်သည်၊ သူ၏သားတော်နှင့်ဆိုင်သော ဧဝံဂေလိဖြစ်သည်။ (ရောမ ၁း ၁-၃)။ ဤဧဝံဂေလိတရားတော်၏အဓိကအချက်အချာမှာ၊ ခရစ်တော်ယေရှုတပါးတည်း နှင့် သူ၏ ပြည့်စုံသောအသက်တာ၊ ပေးဆပ်အသေခံခြင်း၊ အောင်မြင်သောရှင်ပြန်ထမြောက်ခြင်း နှင့် ဘုန်းတော်ဖြင့်တက်ကြွတော်မူခြင်းစသောလုပ်ဆောင်ခြင်းများသာဖြစ်သည်။ ကျွန်ုပ်တိုသည် ခရစ်တော်ယေရှု၏ ပိလတ်မင်းနှင့်ယုဒခေါင်းဆောင်များရှေ့တရားဆုံးဖြတ်ခံခြင်း၊ ကျွန်ုပ်တို့အတွက်ကားတိုင်ပေါ်မှာအသေခံခြင်း၊ သေခြင်း ရဲ့ ချုပ်နှောင်ခြင်းကိုအီစတာနံနက်ခင်းမှာဖြိုးဖျက်ခြင်းများ နှင့် သူ၏တပည့်တော်များကို သူ၏နာမတော်၌အပြစ်ဖြေလွှတ်ခြင်း ဆိုင်ရာနောင်တရ ခြင်းတရားကိုတိုင်းနိုင်ငံများမှာကြေညာရန်စေစားခြင်း(လုကာ၂၄း၄၇)စသောခရစ်တော်လျှောက်လှမ်းခဲ့သောလမ်းကိုနေ့စဉ်ပြုလုပ်သော ကျမ်းစာတော်ရှင်းလင်းတင်ပြခြင်းများမှ နေ၍ လိုက်လျှောက်ခဲ့ကြပါသည်။ ခရစ်တော်ယေရှုရဲ့ တုနှိုင်းမှုမရှိ နိုင်ခြင်းဟာ ဧဝံဂေလိတရားရဲ့ နှလုံးသွေးကြောဖြစ်ပါသည်။"**ထိုသခင်၏နာမတော်မှတပါး ငါတို့ကိုကယ်တင်နိုင်သောနာမတစုံတခုမျှ ကောင်းကင်အောက် လူတို့တွင်မပေါ်မရှိ"** (တမန်တော်၄း ၁၂)။ ဧဝံဂေလိတရားသည် ကျွန်ုပ်တို့ကိုဤလောက၏ရှုတ်ထွေးမှုများနှင့် အပြစ်များအကြား မှာ ထိပ်တိုက်ရင်ဆိုင်တွေ့ရှိခဲ့ သော်လည်း ကျွန်ုပ်တို့ ကိုဤအတိုင်း ပြစ်မထားပါ။ နောင်တရရှိဘို့လှုံ့ဆော်ပြီး ဧဝံဂေလိကို လက်ခံယုံကြည်ခြင်းဖြင့် ကျေးဖူးတော်နှင့်ပြည့်သောအသက်တာရရှိဘို့ကို အစဉ် ဖိတ်ခေါ် ပါသည်။
(မာကု ၁း၁၅) တက်ကြွတော်မူသောအရှင်သခင်ယေရှုကလည်း၊ ဧဝံဂေလိတရားတော်ကိုကမ္ဘာအနှံ့ပြန့်ပွါးစေဘို့ သူ၏တပည့်တော်များ အပေါ်၌ ဝိညာဉ်တော်ဆင်းသက်စေခြင်းအားဖြင့်ခွန်အားရရှိစေပါသည်။

သို့သော်ငြားလည်း၊ဧဝံဂေလိတရားတော်ကိုသစ္စာရှိစွာကြေညာခြင်းသည်၊ တမန်တော်ကြီးများခေတ်ကမြိမ်းခြောက် တိုက် ခိုက်မှုများ ကြုံခဲ့ ကြရ သကဲ့သို့ ယခုအချိန်အခါမှာ လည်းအတွင်း အပြင် တို့မှ တိုက်ခိုက် မှုများ ကို ခံနေရပါသည်။

ပြင်ပမှတိုက်ခိုက်မှုများတွင် ခရစ်တော်ရှင်၏ အသေခံပေးဆပ်ခြင်းကိုငြင်းပယ်ပြီး၊ အခြားသောအယူသီးမှုများဖြင့်ပူဇော်ပသမှုများ နှင့် အရက်သေစာများဖြင့်ဆက်ကပ်ပူဇော်ခြင်းများတို့ပါဝင်သည်။ အချို့သော ဘာသာများသည် နှိုင်းယှဉ် မှုမရှိ နိုင်သော ခရစ်တော်ရှင် နှင့် သူ၏ကားတိုင်ပေါ်၌ အသေခံခြင်းများကိုငြင်းပယ်ပြီး၊ အချို့ကထိုသေခံခြင်း ကို အခြားဘာသာအယူအဆများဖြင့် ရောယှက် ၍သာသာသစ်များပြုလုပ်ကြသည်။ ၎င်းအပြင်၊ ဘာသာတရားယုံကြည်မှုမရှိခြင်းကြောင့် ဘုရား ကိုပြည်သူလူထုများထဲမှ ဖယ်ရှားပြီး၊ ခရစ်ယာန်ယုံကြည်ခြင်း အမွေအနှစ်များ ကိုလဲနိုင်ငံ အချို့တို့မှာဖြိုချဖျက်ဆီးပြစ်ကြသည်။ ဤကဲ့သို့ဖျက်ဆီးပြစ်မှုများဖြင့်၊ "လူ" ဆိုသည့်အဓိပ္ပါယ်ကိုပင် အဓိပ္ပါယ်သစ်ဖွင့်ကြရာ၊ လိင်မှုဆိုင်ရာ၊ လိင်ဆက်ဆံခြင်း နှင့် ထိမ်းမြားလက်ထပ်ခြင်းများကိုပါ အဓိပ္ပါယ်သစ်များပြောင်းဖွင့်လာကြသည်။

ကိုယ်ဝန်ဖျက်ချခြင်း နှင့် အထောက်အကူပြုသေစေခြင်း များကိုထောက်ခံအားပေးမှုများဖြင့်လည်း၊ ဘုရားသခင်ရဲ့ အသွင် သဏ္ဌာန်နဲ့အညီဖန်ဆင်းထားသောလူရဲ့ အသက်ကို တန်ဘိုး မထား စော်ကားကြပါသည်။ စစ်တိုက်ခိုက်ခြင်းကိုလိုလားသော ဘာသာများနှင့် ဘာသာတရားကိုလိုလားခြင်းမရှိသူများ ကလည်း၊ ခရစ်တော်ရှင် ကိုယုံကြည်ကျင့်ကြံကြသူများအပေါ် ကြမ်းကြုတ်ကြပြီး၊ ဖိနှိပ်ချုပ်ချယ်မှုများ ကိုလည်းပြုကြသည်။

ထိုသို့အပြင်မှတိုက်ခိုက်မှုများနှင့်အတူ၊တချိန်တည်းမှာပင် အတွင်း မှတိုက်ခိုက်နှောက်ယှက်မှုများလည်းရှိပါသည်။ အတွင်း နှောက်ယှက်မှုများမှာ၊ချမ်းသာကြွယ်ဝခြင်းဧဝံဂေလိနှင့်ဓမ္မရေးရာဆန်းသစ်မှုများဖြစ်ပြီး၊ထိုနှစ်ခုစလုံးသည် ဘုရားသခင်၏ စစ်မှန်သောဧဝံဂေလိ တရားတော်ကို ခေတ်ကာလယဉ်ကျေးမှုများနဲ့ ဆီလျော်စေဘို့ အခြားသောနည်းလမ်းများ သုံးခြင်းဖြင့်ဧဝံဂေလိလမ်းလွဲမှုကိုဖြစ်စေပါသည်။ ထိုသို့ပြုလုပ်ခြင်းများကြောင့်ရရှိလာသောရလဒ်မှာ၊ ခရစ်တော်ရှင် ၏တုနှိုင်းမှုမရှိ ခြင်း ကို ငြင်းပယ်ခြင်း၊ အပြစ်ရဲ့ပြင်းထန်မှုကိုငြင်းပယ်ခြင်း၊နောင်တရရှိဘို့ ကို ငြင်းပယ်ခြင်းများနှင့်အတူ သမ္မာကျမ်းစာတော်မြတ် ရဲ့ ဩဇာအာဏာသက်ရောက်မှုကိုပါငြင်းပယ်သော ဖျားရောင်းသွေးဆောင်မှုများနှင့်ပြည့်သည့် ဘာသာရေးများ ပေါ်ပေါက်လာခြင်းပင်ဖြစ်ပါသည်။

စိတ်မကောင်းစရာကတော့၊ ကျွန်ုပ်တို့ရဲ့ အသင်းတော်များမှာ ဘုရားသခင်ရဲ့ ဧဝံဂေလိတရား တော်ကို ခြိမ်းခြောက်နေသော ထိုအတွင်းနှောက်ယှက်မှုများကို၊ တိုက်ရိုက်ပြောဆိုဖယ်ရှား ပေးမဲ့ခေါင်းဆောင်မှုမရှိနေခြင်းပင်ဖြစ်သည်။ ထိုသို့မပြုလုပ်မိ ခဲ့ခြင်းအတွက်ကို ကျွန်ုပ်တို့ နောင်တရ ဝန်ချပြီး၊ တမန်တော် ရှင်ပေါလုပြောဆိုမှု ကိုအလေးအနက်ပြုပါသည်။ ရှင်ပေါလုက ဤသို့ဆိုပါသည်။ "ထို့ကြောင့်သင်တို့သည်၊ ကိုယ်ကိုသတိနှင့် ကြည့်ရှုကြလော့။ ဘုရားသခင်သည် မိမိအသွေးနှင့်ဝယ် တော်မူသောအသင်းတော်ကို လုပ်ကျွေးစေခြင်း ငှါ၊ သန့်ရှင်းသောဝိညာဉ်တော်သည် သင်တို့ကိုအအုပ်အချုပ်ခန့်ထား တော်မူသောသိုးတစုလုံးကိုလည်းသတိနှင့် ကြည့်ရှုကြလော့၊ အကြောင်းမူကား၊ ငါမရှိသည့်နောက်၊ ကြမ်းတမ်းသော တောခွေးတို့သည် သိုးတို့ကို မသနားဘဲ သင်တို့အထဲသို့ဝင်မည်ကို ၎င်း၊ တပည့်တော်များကိုသွေးဆောင်ခြင်းငှါ၊ မှားသော စကားကို ပြောတတ်သောလူတို့သည်သင်တို့အထဲ၌ပေါ်လာမည်ကို ၎င်း၊ ငါသိ၏။" (တမန်တော်ဝတ္ထု ၂၀း ၂၈-၃၀)

သို့ဖြစ်ပါ၍၊ ကျွန်ုပ်တို့သည်၊ ကျွန်ုပ်တို့၏အရှင်သခင်နှင့် သူ၏တမန်တော်များ က ပေးအပ်ခဲ့သော ဘုရားသခင်၏ ဧဝံဂေလိ တရားတော်ကို၊ အတူတကွလက်တွဲ၍ ခရစ်တော်ရှင်အားသစ္စာရှိစွာဖြင့်တိုင်းနိုင်ငံများသို့ ကြေညာခြင်းပြုရန် အသစ်တဖန် ဆက်ကပ်အပ်နှံပါသည်။

**ဘုရားသခင်၏အသင်းတော်ကို ပြန်လည်တည်ထောင်ခြင်း။**

ဘုရားသခင်၏ ဧဝံဂေလိသည် ဘုရားသခင်၏အသင်းတော် ကိုဖန်တီးသည်။ ဧဝံဂေလိတရားတော် ၏ဖိတ်ခေါ်မှုဖြင့်ဘုရား သခင်သည်လူသားများအားလုံးကို သူ၏သားတော် အရှင်သခင်ယေရှုခရစ်တော်နှင့် မိတ်သဟာယပြုစေသည်။ ဝိညာဉ်တော်တန်ခိုးဖြင့် ဘုရားသခင်၏ဧဝံဂေလိတရားတော်ကိုရရှိသည့်အခါ၊ သန့်ရှင်းသောဝိညာဉ်တော်၏လုပ်ဆောင်မှု ဖြင့် လက်ခံရရှိသူတို့သည်၊ နောင်တရ၊ယုံကြည်၊ ဗတ္တိဇံ ခံယူပြီး၊ ခရစ်တော်ယေရှု၏ခန္ဓာကိုယ်ဖြစ်သောအသင်းတော်သို့ဝင် ရောက်လာသည်။ (တမန်တော် ၂း ၃၇-၄၄၊ ၁ ကော ၁၂း ၁၂-၁၃)။ ခရစ်တော် ခန္ဓာကိုယ်၏အသင်းသားများ အနေနှင့်၊ ထိုသူတို့သည်ဘုရားဝတ်၌မွေ့လျော်ပြီး၊လောက၏အလင်းနှင့်ဆားများ အဖြစ်၊ သန့်ရှင်းသော နေ့စဉ်အသက်တာကိုလက်ခံ ရယူကြသည်။

ဤညီလာခံ၌ မိန့်ခွန်းပြောသူတဦး က ကျွန်ုပ်တို့ အားယခုကဲ့သို့သတိပေးပါသည်။ "အသင်းတော်ညီလာခံအစည်းအဝေး များမှာ၊ ကျွန်ုပ်တို့ဟာလောကရဲ့နည်းလမ်းများကို အတုမယူဘဲ အတူတကွ ဆုတောင်းခြင်း၊ ကျေးဇူးတော်ချီးမွမ်းခြင်း၊ ဝတ်ပြုကိုးကွယ်ခြင်း၊ ညှိနှိုင်းတိုင်ပင်ခြင်း၊ ဆုံးဖြတ်ခြင်းများနှင့်၊ လိုအပ်လျှင်ဆုံးမပဲ့ပြင်ခြင်းများပြုရမှာဖြစ်သည်။ ထိုညီလာခံ

များသည်၊ အသင်းတော်ကောင်စီ တခုကဲ့သို့သော သဘောသဘာဝရှိသင့်ပြီး၊ အသင်းတော်ကို သူ၏ သာသနာအလုပ်များ နှင့်အတူ အားလုံးသော လုပ်ငန်း ဆိုင်ရာ များ မှာ ပြတ်သားမှု ဖြင့်ရှေ့သို့ဦးဆောင်ခေါ်ယူသွားသင့်ပါသည်။ မေတ္တာတရားဦးထိတ်ထားပြီး၊ ခိုင်မာသောဆုံးမသွန်သင်ခြင်းဖြင့် အပြစ်ရှိသူများကို နောင်တ ရစေပြီး အသက်တာသစ်သို့ပြန်လည်ခေါ်ယူ သော ရည်ရွယ်ချက်ဖြင့်ကျင့်သုံးသင့်သည်။" ထိုနည်းငှါးပင်၊ အင်္ဂလီကန်သဟာယ အဆင့်မှာ လည်း၊ ခေါင်းဆောင် နေရာမှာ ရှိသူများဟာ တခါတရံမှာ၊ လမ်းမှားလိုက်နေသော အဖွဲ့ဝင် သာသနာပိုင်ချုပ်နယ် ကိုဆုံးမသွန်သင် ရသော တာဝန်ဝတ္တရား ကို ကျင့်သုံးရမှာဖြစ်ပါသည်။

ကျွန်ုပ်တို့ရဲ့ အင်္ဂလီကန်သဟာယ ဟာ ခရစ်တော်ရဲ့ အရှင်သခင်ဖြစ်မှု နှင့် သမ္မာ ကျမ်းစာ၏ဩဇာ အာဏာသက်ရောက် မှုများကို ငြင်းပယ်သည့် ခေါင်းဆောင်များ၏ ခြိမ်းခြောက်မှုအောက်မှာ အချိန်တော်တော် ရှိနေခဲ့ပါသည်။ နှစ်ဆယ်ရာစု ရဲ့ နောက်ပိုင်းနှစ်များမှာ လူသားတို့ရဲ့ လိင်မှုဆိုင်ရာများဟာ တင်ပြမှု အခြေအတင် တခုဖြစ်လာ သည်။

၁၉၉၈ ခုနှစ် မှာပြုလုပ်သော လင်းဘတ်ညီလာခံမှာ၊ ဆုံးဖြတ်ချက် ၁.၁၀ က လူသားတို့ရဲ့ လိင်မှုဆိုင်ရာနဲ့ ပတ်သက်သော ဆုံးဖြတ်ချက်ကို မဲအများစု (၅၂၆ မှ ၇၀) နှင့် သဘောတူညီမှုပြု ခဲ့သည်။ ထိုသဘောတူညီမှု က ရှင်မဿဲ ၁၉ မှခရစ်တော် ရှင်ရဲ့သင်ကြားမှု ကိုအတည်ပြုစေ သည်။ ၎င်းသင်ကြားမှုအရ၊ လူသားတို့ရဲ့ လိင်မှုဆိုင်ရာကျင့်သုံးခြင်းသည် ယောကျ်ား နှင့် မိန်းမ ရာသက်ပန် အိမ်ထောင်ပြုခြင်းဖြင့်သာဖြစ်သင့်သည်။ သို့မဟုတ်က ရှောင်ကျဉ်သင့်သည်။ လင်းဘတ်ညီလာခံ ၏ ဆုံးဖြတ်ချက် ၁.၁၀ သည်လိင်တူဆွဲဆောင် မှုရှိသူများအတွက်မှန်ကန်သောသွန်သင်မှုကိုပေးသည်။ တချိန်တည်းမှာပင်၊ ထိုဆုံးဖြတ်ချက်ကလိင်တူဆက်ဆံခြင်းသည် သမ္မာကျမ်းစာတော်မြတ်နှင့်ကိုက်ညီမှုမရှိသောကျင့်သုံးခြင်းဖြစ်သည်ကိုဖေါ်ပြ ပြီး၊ အသင်းတော်၌လိင်တူထိမ်းမြားခြင်း နှင့် လိင်တူဆက်ဆံသူများအားသိက္ခာပေးခြင်းများ ကို ငြင်းပယ်သည်။

လင်းဘတ်ညီလာခံ ဆုံးဖြတ်ချက် ၁.၁၀ သည် အင်္ဂလီကန် သဟာယအတွင်း ၌ တောင်ကမ္ဘာခြမ်း သာသနာပိုင်ချုပ်ကြီး များ၏ ထွန်းတောက်လွှမ်းမိုးလာမှုကိုရောင်ပြန်ဟတ်နေပါသည်။ ထိုဆုံးဖြတ်ချက်၏ အခြေခံအချက်များကို ၁၉၉၇ ခုနှစ်၊ တောင် ကမ္ဘာခြမ်း အင်္ဂလီကန် ကွန်ယက် အဖွဲ့၏ ကွာလာလမ်ပူစာတမ်းမှ ပြင်ဆင်ပေးခဲ့သည်။ ကျွန်ုပ်တို့ နှင့် တောင်ကမ္ဘာခြမ်းကွန်ယက်အဖွဲ့၏ ပူးပေါင်းလုပ်ဆောင်မှုများသည်ဆက်လက်ရှိနေဆဲဖြစ်ပြီး၊ ဤညီလာခံမှာလည်း၊ ၎င်းအဖွဲ့ ၏ ခေါင်းဆောင် သာသနာပိုင်ချုပ်ကြီးများ တက်ကြွစွာလှုပ်ရှားပါဝင်ကြပါသည်။

အမေရိကန် အီဖစ်စကိုပယ်သာသနာပိုင်ချုပ်နယ် နှင့် အခြားသော အင်္ဂလီကန်သာသနာပိုင်ချုပ်နယ်များ၏ အပြု အမူအပြောအဆိုများဖြင့် လင်းဘတ် ဆုံးဖြတ်ချက် ၁.၁၀ ကို မလိုက်နာဘဲ ငြင်းပယ် ကြခြင်းက အင်္ဂလီကန်သဟာယ အဖွဲ့အစည်း ကို နက်ရှိုင်းစွာ ကွဲပြဲသွားစေပါသည်။ ထိုနောက်မှ ၁၀ နှစ်တာကာလအတွင်းတွင် အင်္ဂလီကန်သဟာယ ၏ ဦးဆောင်မှုအဖွဲ့အစည်း (၄) ခုကလည်းလိုအပ်သော ဆုံးမသွန်သင်မှုများဖြင့်အရေးယူရန်ပျက်ကွက်ခဲ့ကြသည်။ သာသနာပိုင်ချုပ်ကြီးများအစည်းအဝေးက ထိုသာသနာပိုင်ချုပ်နယ်များကို နောင်တဖြင့်လမ်းမှန်သို့ပြန်လာရန် ကြိမ်ဖန်များ စွာ ခေါ်ယူခဲ့သည်။ သို့သော်လည်း၊ သူတို့၏ ကြိုးစားမှုကို အခြားသောအင်္ဂလီကန်သဟာယအဖွဲ့အစည်းများက ဖျက်လိုဖျက်ဆီးလုပ်ရာ၊ ကင်တာဘာရီသာသနာပိုင်ချုပ်၏မအောင်မြင်သော ၂၀၀၇ ဒါအက်(စ)စေလမ်သာသနာပိုင်ချုပ်များ အစည်းအဝေး ၌ အားလုံးသဘောတူညီမှုမရရှိခြင်းဖြင့်အဆုံးသတ်လိုက်ရကြသည်။

သို့ဖြစ်၍၊၂၀၀၈ တွင်ပြုလုပ်သော ပထမဆုံးသော ကမ္ဘာလုံးဆိုင်ရာအင်္ဂလီကန်အနာဂတ်ညီလာခံ- ဂဂ်(ဖ)ကွန်- ၏ ယေရုရှလင်ကြေညာစာတမ်းမှနေ၍၊ သမ္မာကျမ်းစာတော်မြတ်၏ဩဇာသက်ရောက်မှု၊ အထူးသဖြင့်ကျမ်းစာတော်၏လိင်မှု ဆိုင်ရာသင်ကြားမှုများ အင်္ဂလီကန်သဟာယအတွင်းပြန်လည်ရောက်ရှိလာနိုင်စေရန် အတွက်ကျမ်းစာတော်မြတ် သာလျှင် ဘုရားသခင်၏ စကားတော်ဖြစ်သည်ဟုအတိအကျ ထုတ်ပြန်ကြေညာခဲ့ပြီး၊ အင်္ဂလီကန်တို့၏ သက်သေခံ ချက်

ဘုရားသခင်၏ စကားတော်ဖြစ်သည်ဟုအတိအကျ ထုတ်ပြန်ကြေညာခဲ့ပြီး၊ အင်္ဂလီကန်တို့၏ သက်သေခံ ချက် အရင်းအမြစ်များဖြစ်ကြ သောအသင်းတော်၏ယုံကြည်ချက်၊ အသင်းတော်စည်းကမ်းသတ်မှတ်ချက် (၃၉) ခု နှင့်အကွ၊ ၁၆၆၂ ခုနှစ် ဆုတောင်းစာအုပ်နှင့် သက္ကီာတင်ခြင်းဝတ် တို့ဘက်သို့ ပြန်လည်ဦးတည် စေခဲ့ပါသည်။ ထိုညီလာခံ ကလည်း၊ သာသနာပိုင်ချုပ်ကြီးများကောင်စီ ကို၊ စတင် ခန့်အပ်ခဲ့ပြီး၊ ၎င်း တို့အား လမ်းမှားမလိုက်ဘဲ လမ်းမှန်တွင်နေခဲ့ခြင်းကြောင့် မိမိတို့၏ အသင်းတော် အဆောက်အအုံများကိုစွန့်လွှတ်လိုက်ရပြီး၊ ဘုန်းတော်ကြီးများပါ သက်နီးချွတ်ခံရသဖြင့်၊ ကိုယ်ထူ ကိုယ်ထပြန်လည်တည်ထောင် ကြရသော အင်္ဂလီကန် အသင်းတော်များကို အင်္ဂလီကန် သဟာယအတွင်း ၌ အသိအမှတ်ပြုရန် အခွင့်အာဏာပေးခဲ့ပါသည်။

လွန်ခဲ့သောအနှစ် နှစ်ဆယ်အတွင်း၌၊ အင်္ဂလီကန်သဟာယထဲမှ ခေါင်းဆောင်အဖွဲ့အစည်းများ သည်၊ လမ်းမှားလိုက်သော အသင်းတော်များ နှင့် သာသနာပိုင်ချုပ်နယ်များကိုဘုရားသခင်အားဖြင့် ဆုံးမသွန်သင်ခြင်းပြုရန် ပျက်ကွက်ယုံသာမက၊ သူတို့၏ကိုယ်စားလှယ်များသည် သူတို့လုပ်ရပ်အတွက် ကျွန်ုပ်တို့ စိုးရိမ်ပူပန်ဖြစ် ရခြင်းကို ပင် အသိအမှတ် ပြုရန်ငြင်းပယ် ခဲ့ကြသည်။ ကျွန်ုပ်တို့၏ စိုးရိမ်ပူပန်ခြင်း ကို အသိအမှတ်ပြုရမည့် အစား၊ ဂဂ်(ဖ)ကွန် သည် အကြောင်းအရာတခုတည်းကို သာ ဖိအားပေးနေ သော၊ သဟာယကွဲပြဲမှုကိုဖြစ်စေသည့် အဖွဲ့အစည်းတခုဟု စွတ်စွဲသမုတ်ကြသည်။ အင်္ဂလီကန်သဟာယ ကိုအမှန်တကယ် ကွဲပြဲစေသူများမှာ၊ ကျမ်းစာတော်မြတ်၏သင်ကြား မှု နှင့် အသင်းတော်၏ သမိုင်းဝင်ယုံကြည်မှုများမှနေသွေဖယ် ပြီး၊ လမ်းမှားကိုလိုက်သွားကြသူများ သာဖြစ်ပါသည်။ မှားယွင်းတဲ့သင်ကြားမှုတွေ ကို အင်္ဂလီကန်သဟာယအတွင်းမှာ နေရာပေးနိုင်ဘို့အတွက် "အတူတကွ လျှောက်လှမ်းခြင်း" နဲ့ "ကောင်းမွန်သော သဘောကွဲလွဲခြင်း" ဆိုတဲ့ စကားလုံးများကိုသုံးပြီး၊ လူအများ ကိုဖြောင်းဖြစည်းရုံး ခြင်းဟာအင်မတန်အန္တရယ်များ သော သူတို့ ၏လှည့်ဖျားမှုများသာဖြစ်ပါသည်။

ကျွန်ုပ်တို့၏ ကမ္ဘာလုံးဆိုင်ရာ အင်္ဂလီကန်သဟာယတွင်၊ ဤကဲ့သို့သောအခြေအနေများက၊ ဘုရားသခင်စေခိုင်း သော ခရစ်တော်ရှင်၏ ဧဝံဂေလိတရား ကမ္ဘာတဝှမ်း ပြန့်ပွါး ခြင်းအမှုပြည့်စုံခြင်းကိုနှောင့်နှေးစေသည့် အတွက် ကျွန်ုပ်တို့များစွာ ဝမ်းနည်း ကြေကွဲရပါသည်။ (၁ ကော ၁၆း၁၃) အရ၊ ယုံကြည်ခြင်း၌ မြဲမြံစွာ ရပ်တည် ပြရန်ပျက်ကွက် မှုအတွက် ကျွန်ုပ်တို့ နောင်တရပါသည်။ သို့သော်ငြားလည်း၊ ကျွန်ုပ်တို့ သည် အနာဂတ်အတွက်မျှော်လင့်ခြင်း မပျောက်လွင့်ဘဲ၊ ကျွန်ုပ်တို့၏ သဟာယကြီး ကို ပြန်လည်ပြုပြင်တည်ဆောက် ရန်အတွက်ခိုင်ခံ့မြဲမြံသော ကူညီထောက်ပံ့မှုများရှိနေသည်ကိုသတိပြု ပါ သည်။ ၂၀၁၈ ဂဂ်(ဖ)ကွန်ညီလာခံ မတိုင်ခင်မှာ၊ ကိုယ်စားလှယ်တော်များသည် အောက်ဖေါ်ပြပါ အဆိုပြုချက်များကို လိုက်လှဲစွာ အတည်ပြုခဲ့ကြသည်။

- လင်းဘတ်ဆုံးဖြတ်ချက် ၁.၁၀ သည်၊ ပြောင်းလဲမှုမရှိသော သမ္မာကျမ်းစာတော်မြတ်၏ သင်ကြားမှု ကိုထင်ဟပ်သည်။
- ဂဂ်(ဖ)ကွန် လှုပ်ရှားမှုသည်၊ ယေရုရှလင် ကြေညာစာတမ်းပေါ်ဆက်လက်သစ္စာရှိသင့်သည်။
- သာသနာပိုင်ချုပ်ကြီးများကောင်စီ သည်လမ်းမှန်လိုက်ခြင်းကြောင့် ပယ်ထားခြင်းခံရ သောအင်္ဂလီကန် အသင်းတော်များ ကိုအသိအမှတ်ပြုသင့်သည်။

လွန်ခဲ့သောအနှစ်နှစ်ဆယ်အတွင်း တွင်၊ ဘုရားသခင်၏လက်တော် သည် ကျွန်ုပ်တို့အားဖြင့်၊ ဤအင်္ဂလီကန်သဟာယ ကို ပြန်လည် ပြုပြင်မွမ်းမံ နေသည်ကို ကျွန်ုပ်တို့တွေ့ရှိရသည်။ ဂဂ်(ဖ)ကွန်သည် အစကနဦး ကပင် ဤ ကဲ့သို့အခိုင်အမာ ဆိုထားခဲ့ပါသည်။

"ကျွန်ုပ်တို့သည် အင်္ဂလီကန်သဟာယမှ မစွန့်ခွါ ဘဲ၊ ဤ သဟာယအတွင်း ၌ ကျွန်ုပ်တို့၏ အင်္ဂလီကန်အမွေ အနှစ်ကိုသစ္စာ ရှိစွာစောင့်ထိန်းသော လူအများစုဖြစ်သည်။"

နိုင်ဂျီးရီးယား သာသနာပိုင် ချုပ်ကြီး နစ်ကိုလတ်(စ) အိုခို က၊ ၂၀၀၈ ဂဂ်(ဖ)ကွန်ညီလာခံ အဖွင့် မိန့်ခွန်းမှာ ဤသို့ ပြောခဲ့ပါသည်။ "ကျွန်ုပ်တို့သည် အင်္ဂလီကန်သဟာယ ခေါင်းဆောင်များလုပ်ရမဲ့ ၁၉၉၈ လင်းဘတ် ဆုံးဖြတ်ချက် ၁.၁၀ အားလိုက်နာထိန်းသိမ်းခြင်း ကို၊ ထိုခေါင်းဆောင်များက မလုပ်သည့်အတွက်၊ လုပ်နေရခြင်းသာဖြစ်ပါသည်။"

ကျွန်ုပ်တို့သည်၊ သန့်ရှင်းသူအပေါင်းတို့မှ ပေးလိုက်သောယုံကြည်ခြင်းကို ကြံ့ကြံ့ခံ ရပ်တည် ကာကွယ် ပေးသော ဂဂ်(ဖ)ကွန် သာသနာပိုင်ချုပ်ကြီးများ၏ ဘုရားရှင်ထံမှ ရဲဝံ့ခြင်းအတွက် ကျေးဇူးတော် ကိုချီးမွမ်းပါသည်။ သူတို့၏ဆုံးဖြတ်ချက်များဖြစ်သော၊ မြောက်အမေရိက အင်္ဂလီကန်သာသနာပိုင်ချုပ်နယ် နှင့် ဘရာဇီး အင်္ဂလီကန်သာသနာပိုင်ချုပ်နယ်တို့ကို စစ်မှန်သော အင်္ဂလီကန်သာသနာပိုင်ချုပ်နယ်များအဖြစ် အသိအမှတ်ပြုပေးခြင်း၊ အင်္ဂလန် မှ အင်္ဂလီကန်သာသနာပြုနယ်ကို အသိအမှတ်ပြုပြီး၊ ဥရောပ အတွက်သာသနာပြုသာသနာပိုင်တပါးကို ဘိသိတ်ပေးခြင်း၊ တို့ကို ကျွန်ုပ်တို့ ဩဘာပေးပါသည်။ ဤသာသနာပိုင်နယ်များ လိုအပ်လာရ ခြင်းမှာ၊ စစ်မှန်သော ယုံကြည်ခြင်းမှ လမ်းခွဲသွားကြသော အမေရိကန် အီဖစ်စကိုပယ်(လ) အသင်းတော်၊ ကနေဒါ အင်္ဂလီကန် အသင်းတော်၊ ဘရာဇီး အီဖစ်စကိုပယ်(လ) အသင်းတော် နှင့် စကော့တစ်(ရှ) အီပစ်စကိုပယ်(လ) အသင်းတော်များကြောင့်ဖြစ်ပါသည်။ ၂၀၁၈ ဂဂ်(ဖ)ကွန်ညီလာခံတွင်၊ ထိုလမ်းလွဲလိုက်သော သာသနာပိုင်ချုပ် နယ်များထဲမှ သစ္စာရှိသော အင်္ဂလီကန် အသင်းသားများထံမှ သူတို့အသင်းတော်ခေါင်းဆောင်များ၏ လွဲမှားသော သင်ကြားမှုနှင့် ကျင့်စဉ်များကို မခံယူ မလိုက်နာသည့်အ တွက် နှိပ်ကွပ် ဖိနှိပ်ခံရ ကြ သည့်သူတို့၏ သက်သေခံချက်များစွာ ကို ကြားသိရသည်။ မကြာသေးမီက၊ နယူးဇီလန်အင်္ဂလီကန် အသင်းတော်သည် သူ၏သာသနာပိုင်များအား လိင်တူဆက်ဆံပေါင်းသင်းခြင်း ကို ကောင်းကြီးပေးရန် သဘောတူ ခွင့်ပြုသည့်အတွက်၊ ထိုအသင်းတော်မှ ခွဲထွက်လို သော သစ္စာရှိ ယုံကြည်သူ အင်္ဂလီကန်များအား ဂဂ်(ဖ)ကွန်သာသနာပိုင်များက ကူညီပေးမည့် ဆန္ဒကို ဤညီလာခံမှ ကျွန်ုပ်တို့အသိမှတ်ပြုပါသည်။

ဂဂ်(ဖ)ကွန်လှုပ်ရှားမှုကြီး ရင့်သန်လာသည်နှင့်အမျှ၊ ညီမျှခိုင်မာသော ဖွဲ့စည်းအုပ်ချုပ်မှုများလိုအပ်လာပါသည်။ သို့ဖြစ်၍၊ ကျွန်ုပ်တို့သည်သာသနာပိုင်ချုပ်ကြီးများကောင်စီအတွက်ထောက်အကူရစေရန်ဂဂ်(ဖ)ကွန်အဖွဲ့ဝင် သာသနာပိုင်ချုပ်နယ်တခုစီ မှ သာသနာပိုင်တပါး၊ ဘုန်းတော်ကြီးတပါး နှင့် တပည့်တော် တယောက် တို့ပါသော အကြံပေးအဖွဲ့ကို ဂဂ်(ဖ)ကွန် သာသနာပိုင်ချုပ်နယ်များတွင် ဖွဲ့ပေးရန် နှင့်၊ ဂဂ်(ဖ)ကွန် ဌါနခွဲများကိုလည်း လိုအပ်သော နေရာများ၌ အစပြုတည်ထောင်ရန် ထောက်ခံပါသည်။ ဂဂ်(ဖ)ကွန်သာသနာပိုင်ချုပ်ကြီးများနှင့် ထိုအကြံပေးအဖွဲ့ဝင်များပူးပေါင်းပြီး၊ ဂဂ်(ဖ)ကွန်ညီလာခံသို့ အဆိုပြုတင်သွင်းမှုများပြုရန် ညီလာခံ ကောင်စီ ကိုဖွဲ့စည်းကြပါသည်။ ယခု ဂဂ်(ဖ)ကွန် ညီလာခံတွင်၊ ဤညီလာခံကောင်စီသည် ပထမဆုံးအကြိမ်တွေ့ဆုံကြသည်။

ညီလာခံကောင်စီမှ တင်သွင်းသောအဆိုပြုချက်များအရ၊ ကျွန်ုပ်တို့သည် ကင်တာဘာရီသာသနာပိုင်ချုပ်ကြီးကို အောက်ပါအတိုင်း လေးစားစွာဖြင့်တိုက်တွန်း ပါသည်။

- မြောက်အမေရိက အင်္ဂလီကန်သာသနာပိုင်ချုပ်နယ် နှင့် ဘရာဇီး အင်္ဂလီကန်သာသနာပိုင်ချုပ်နယ် များကိုလာမည့် ၂၀၂၀ လင်းဘတ်ညီလာခံ ကို အင်္ဂလီကန်သဟာယ ၏ ပြည့်စုံသောအဖွဲ့ဝင်များအဖြစ် အသိအမှတ်ပြုဖိတ်ခေါ်ရန်။
- သမ္မာကျမ်းစာတော်မြတ်နှင့် ၁၉၉၈ လင်းဘတ်ညီလာခံ ဆုံးဖြတ်ချက် ၁.၁၀တို့နှင့် ဆန့်ကျင်သော လိင်မှုဆိုင်ရာ များကိုသင်ကြားကျင့်သုံးနေကြသော သာသနာပိုင်ချုပ်နယ်များကို၊ သူတို့၏ လုပ်ရပ်များမှ နောင်တရပြီး လက်ရှိလုပ်ရပ်များကို ရပ်တန့် က မရပ်မချင်း၊ သူတို့အားလုံးကို ၂၀၂၀ လင်းဘတ်ညီလာခံသို့ ဖိတ် ခေါ်ခြင်းမပြုရန်။

ဤတိုက်တွန်းချက်များဖြစ်မလာပါက၊ ဂဂ်(ဖ)ကွန်အဖွဲ့ဝင်များအားလုံးကို ၂၀၂၀ လင်းဘတ်ညီလာခံသာမက၊ အင်္ဂလီကန်သဟာယအဖွဲ့အစည်းအားလုံး၏အစည်းအဝေးဖိတ်ခေါ်ခြင်းများ အားလုံးကိုငြင်းပယ်ရန် ကျွန်ုပ်တို့တိုက်တွန်းပါသည်။

**ဘုရားသခင်၏ကမ္ဘာကိုလက်လှမ်းခြင်း။**

ကျွန်ုပ်တို့ ဤညီလာခံ၏ဆောင်ပုဒ် မှာ "**ခရစ်တော်ရှင်အားသစ္စာရှိစွာဖြင့်တိုင်းနိုင်ငံများသို့ ကြေညာခြင်း**" ဖြစ်သည်။ ရှေးမှ လွန်လေပြီးသော မျိုးဆက်များ၏ သစ္စာရှိစွာ သက်သေခံခြင်းများအားဖြင့် ဧဝံဂေလိတရားတော်ကို ကျွန်ုပ်တို့ရရှိခဲ့ပါသည်။ သို့သော်ငြားလည်း၊ ယခုအချိန်အခါအထိ ခရစ်တော်ယေရှု ကိုမရရှိခြင်းကြောင့် မျှော်လင့်ချက်ပျောက်ဆုံးနေသူများ သန်းထောင်ပေါင်းများစွာ ရှိနေပါသေးသည်။ ခရစ်တော်ရှင်ယေရှု ကသူ့တပည့်တော်တွေကို ဤကဲ့သို့ သင်ကြားခဲ့ပါသည်။ "နိုင်ငံတော်နှင့် ယှဉ်သော ဧဝံဂေလိတရားကိုလောကီနိုင်ငံအရပ်ရပ် ရှိသမျှတို့၌ ဟောရလိမ့်မည်။" (မဿဲ ၂၄း ၁၄)

ကျွန်ုပ်တို့သည်၊မိမိတို့၏အသိုင်းအဝိုင်းမှာတင်ဟောပြောမှုများပြုလုပ်ကြပြီး၊ အပြင်မှအခြားသောသူများအားကမ်းလှမ်းရမှာ ခက်ခဲသဖြင့်ထိုသို့ မလုပ်ဆောင်လိုခြင်းကြောင့်၊ တိုင်းနိုင်ငံများအတွက် အလင်းဖြစ်ရမည်ဟူသော ဘုရားရှင်၏ခေါ်ယူခြင်း (တမန်တော် ၁၃း ၄၇) အပေါ်နာခံမှုမရှိဖြစ်ခဲ့ရသော အချိန်အခါများအတွက် နောင်တရပါသည်။ ယုံကြည်နာခံခြင်းများနှင့် အတူ၊ ယခုအခါမှာ ဧဝံဂေလိတရားတော်ကိုသစ္စာ ရှိစွာ ကြေညာပြောဆိုဘို့ကို ဝမ်းမြောက်ခြင်းများဖြင့်၊ ကျွန်ုပ်တို့ကိုယ် ကျွန်ုပ်တို့ ဆပ်ကပ်အပ်နှံပါသည်။

ခရစ်တော်ရှင်ကိုတိုင်းနိုင်ငံအရပ်ရပ်မှာသစ္စာရှိစွာဖြင့် ဟောပြောကြေညာခြင်း ကို ကိုယ်နှုတ်အမူအရာ နှစ်ခုစလုံး ဖြင့် ကျယ်ပြန့်စွာ လုပ်ဆောင်နိုင်ရန်အတွက်၊ ကျွန်ုပ်တို့သည် အောက်ပါ ဗျူဟာ ကွန်ယက် (၉) ခုကို ဤညီလာခံမှ နေ၍ အစပြုလိုက်ပါသည်။

**ဓမ္မပညာရေး** (Theological Education): ထိရောက်မှုရှိသောဓမ္မပညာဆိုင်ရာ သင်ကြားမှုများကို အင်္ဂလီကန် သဟာယအတွင်း၌ ပိုမိုတိုးတက်ကောင်းမွန်အောင်ပြုလုပ်ပေးရန်။

**အသင်းတော်သစ်များတည်ထောင်ခြင်း** (Church Planting): ဧဝံဂေလိပြန့်ပွါးခြင်းအတွက် ကမ္ဘာလုံးဆိုင်ရာနည်းဗျူဟာ တခု အဖြစ်အသင်းတော်သစ်များတည်ထောင်ခြင်းကို တိုးချဲ့ပြုလုပ်ရန်။

**ကမ္ဘာလုံးဆိုင်ရာဖက်စပ်သာသနာပြုလုပ်ငန်းများ** (Global Mission Partnerships): နည်းဗျူဟာကျသော ယှဉ်ကျေးမှု ရောယှက် သည့်ဖက်စပ် သာသနာပြုလုပ်ငန်းများကို ကမ္ဘာတဝှမ်းတွင် ပိုမိုတိုးတက်ကောင်းမွန်အောင် ပြုလုပ်ပေး ရန်။

**လူငယ်နှင့်ကလေးငယ်များအတွက်ဌာန** (Youth and Children’s Ministry): နိုင်ငံများအားလုံးမှာရှိကြသော လူငယ် နှင့် ကလေးသူငယ်များကိုသစ္စာရှိသော ခရစ်တော်ယေရှု၏ တပည့်တော်များဖြစ်လာစေမည့်သာသနာပြုလုပ်ငန်းများအတွက် နည်းစနစ် များပြုလုပ်ရန်။

**မိခင်များအသင်း** (Mothers’ Union): နိုင်ငံတကာမိခင်များအသင်းရဲ့ အလားအလာများကို ပိုမိုတိုးချဲ့ပေးခြင်းဖြင့် ကျမ်းစာကို ပုံစံနမူနာ ပြုသော အိမ်ထောင်နှင့် မိသားစုများ ကိုမြှင့်တင်အားပေးရန်။

**ရေရှည် ဖွံ့ဖြိုးရေးလုပ်ငန်း** (Sustainable Development): ဒေသခံအသင်းတော်များနှင့် တွဲဖက်လုပ်ကိုင် ခြင်း ဖြင့် ရေရှည်ခံပြီး ပြောင်းလဲတိုးတက် မှုရှိ သောဖွံ့ဖြိုးရေးလုပ်ငန်းများကိုပြုလုပ်ပေးမည့် ကမ္ဘာလုံးဆိုင်ရာဖက်စပ်မှုများ ကို တည်ထောင်ပေးရန်။

**သာသနာပိုင်များသင်တန်းကျောင်း** (Bishops Training Institute): အင်္ဂလီကန်သဟာယတခုလုံးတွင်၊ သစ္စာရှိပြီး ထိရောက်မှုရှိသော သာသနာပိုင်တို့၏ခေါင်းဆောင်မှု ကိုပံ့သွင်းတည်ဆောက်ပေးခြင်း ဖြင့် အစေခံရန်။

**ဥပဒေရေးရာလုပ်ဆောင်မှုအဖွဲ့** (Lawyers Task Force): ဘာသာရေးလွတ်လပ်ခွင့်နှင့်ဆိုင်သောအရေးအရာများ နှင့် အခြားသောစိုးရိမ်ဘွယ်ရာ ကိစ္စများကို အင်္ဂလီကန် ရှေ့နေများနှင့် ဥပဒေရေးရာ ရှင်များထံတင်ပြနိုင်ရန် နှင့် ယေရှုရှင်ကြေညာစာတမ်း၏ ရည်ရွယ်ချက်များကို ဆက်လက်အကောင်အထည်ဖေါ် နိုင်ရန်။

**ဆုတောင်းပဌနာပြုသူများ မိတ်သဟာယ** (Intercessors Fellowship): ကမ္ဘာတဝှမ်းနှင့်ဆပ်စပ်မှုရှိသောပြည်တွင်း နှင့် နိုင်ငံတကာဆိုင်ရာ ဆုတောင်းပဌနာပြုကြသူများ ကွန်ယက် ကို အသက်သွင်းဖေါ်ထုတ်ပေးရန်။

ဧဝံဂေလိတရားတော်ကို ကျွန်ုပ်တို့ သွားရောက်ကြေညာ ရမည့် ဤကမ္ဘာကြီးတွင်၊ ကျွန်ုပ်တို့အတွက်ကြုံတွေ့စရာများ မြောက်မြားစွာရှိသည်ဖြစ်၍၊ ကျွန်ုပ်တို့သည် ဖြောင့်မတ်ခြင်းနှင့် သနားကြင်နာခြင်း ရှိသောလမ်းပေါ်၌ ရောက်ရမည်ဖြစ်သည်။ (ဟောရှေ ၂း ၁၉၊ မိက္ခာ ၆း ၈)။ သို့ဖြစ်၍၊ ကျွန်ုပ်တို့သည် အနိမ်ခံရသူများအတွက်ခွန်အားပေခြင်း၊ ပြောဆိုခွင့်မရှိသူများအတွက်ပြောဆိုပေးခြင်း၊ ဖိနှိပ်ခံရသူများဘက်မှရပ်တည်ပေးခြင်း၊ အားနည်းသူများ- အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးသူငယ်များ - အား ကာကွယ်မှုပေးခြင်း၊ နွမ်းပါးသူများအပေါ်ရက်ရောခြင်း နှင့် ကောင်းမွန်သော ပညာရေးနှင့် ကျန်းမာမှုပြုစုစောင့်ရှောက်ရေး များရရှိရန်ထောက်ပံ့ပေးခြင်းများကိုဆက်လက်လုပ်ပေးခြင်းများ ပြုလုပ်ကြရန် တဦးကိုတဦးအားပေးခြင်းဖြင့်ဆက်ကပ်ကြမည်။ ထို့အပြင်၊ လိုအပ်လျှင် လိုအပ်သလို၊ အခြားသော ကွန်ယက်များကိုလည်းဤအရေး အရာများကိုအထောက်အကူပြုနိုင်ရန်အတွက် ဖွဲ့စည်းကြဘို့ ခွန်အားပေးလိုပါသည်။

**ကျွန်ုပ်တို့၏ ကမ္ဘာလုံးဆိုင်ရာ အင်္ဂလီကန် အနာဂတ်**

ဧဝံဂေလိတရားတော်ကို ဟောပြော ကြေညာ ရာမှာ၊ ကျွန်ုပ်တို့သည် ဤဧဝံဂေလိတရားတော်ကို အတွင်း အပြင်ခြိမ်းခြောက်မှုများမှ ပထမဆုံးကာကွယ်ရမည်ဖြစ်သည်။ ဤညီလာခံတွင်ရ ရှိ သောထူးခြားသောကောင်းကြီးမင်္ဂလာများ က ဘုရားသခင်၏ ကျွန်ုပ်တို့အပေါ် ခေါ်ယူခြင်းဆီကို ဦးတည်ပေးနေရုံသာမက၊ ကမ္ဘာလောကကြီးကယ်တင်ခြင်းရရန်အတွက် အင်္ဂလီကန်သဟာယသည် ဘုရားသခင်၏လက်ထဲမှ ကရိယာတခုဖြစ်လာမည် ကိုကျွန်ုပ်တို့ သက်သေ ခံပါသည်။ သို့ဖြစ်၍၊သစ္စာရှိသောအင်္ဂလီကန်များအားလုံးကို ကျွန်ုပ်တို့နှင့်အတူပါဝင်လက်တွဲပြီး၊ **ခရစ်တော်ရှင်အားသစ္စာရှိစွာဖြင့် တိုင်းနိုင်ငံများသို့ ကြေညာခြင်း** ပြုကြရန်ဖိတ်ခေါ်ပါသည်။

"ငါတို့၌ ပြုပြင်သောတန်ခိုးတော်အတိုင်း၊ ငါတို့တောင်းပန်ကြံစည်သမျှထက်၊ အလွန်ထူးခြားစွာပြုခြင်းငှါ တတ်နိုင်တော်မူသော ဘုရားသခင်သည်၊ ယေရှုခရစ်အားဖြင့် အသင်းတော်၌ ကမ္ဘာအဆက်ဆက်ဘုန်းကြီးတော်မူစေသတည်း။ အာမင်။" (ဧဖက် ၃း ၂၀-၂၁)

---

# အဘိဓါန် (Glossary)

ကွန်စီးလျှား (Conciliar) - အသင်းတော်ကောင်စီတခုကဲ့သို့လုပ်ကိုင် ခြင်း။

ဂဖ်(ဖ)ကွန်ဌါနခွဲများ (Gafcon Branches) - ဂဖ်(ဖ)ကွန်သာသနာပိုင်ချုပ်ကြီးများကောင်စီဝင် မဟုတ် သော သာသနာပိုင်ချုပ်၏ သာသနာပိုင်ချုပ်နယ် တွင် ဂဖ်(ဖ) ကွန်ဌါနခွဲ တစ်ခု ကို ဂဖ်(ဖ)ကွန် သာသနာပိုင်ချုပ်ကြီးများ ကောင်စီသို့လျှောက်လွှာ တင်ပြီး ဖွင့်လှစ်နိုင်ပါသည်။

ဂဖ်(ဖ)ကွန်သာသနာပိုင်ချုပ်ကြီးများ (Gafcon Primates) - ယေရှုရှလင်ကြေညာစာတမ်း ကို အတည်ပြု လက်ခံသည့်၊ ဂဖ်(ဖ)ကွန် သာသနာပိုင်ချုပ်ကြီးများကောင်စီဝင် သာသနာပိုင်ချုပ်ကြီးများ။

ဂဖ်(ဖ)ကွန်သာသနာပိုင်ချုပ်နယ်များ (Gafcon Provinces) - ယေရှုရှလင်ကြေညာစာတမ်းကို သာသနာပိုင်များအားလုံးနှင့် ဗဟိုချုပ် လွှတ်တော် ကအတည်ပြုလက်ခံသည့် ယင်း၏သာသနာပိုင်ချုပ် ကြီး ကလည်း ဂဖ်(ဖ)ကွန်သာသနာပိုင်ချုပ်ကြီးများကောင်စီဝင်ဖြစ်သောသာသနာပိုင်ချုပ်နယ်များ။

သဟာယအဖွဲ့အစည်းများ (Instruments of Communion) - အင်္ဂလီကန်သဟာယအဖွဲ့အစည်း လေးခု ရှိသည်။ ၎င်းတို့မှာ၊ ကင်တာဘာရီသာသနာပိုင်ချုပ်ရုံး၊ လင်းဘတ်ညီလာခံ၊ သာသနာပိုင်ချုပ် ကြီးများအစည်းအဝေး၊ နှင့် အင်္ဂလီကန်အတိုင်ပင်ခံကောင်စီ တို့ဖြစ်သည်။
http://www.anglicancommunion.org/instruments/instruments-of-communion-aspx

ယေရှုရှလင်ထုတ်ပြန်ချက် နှင့် ကြေညာစာတမ်း (Jerusalem Statement and Declaration) - ၂၀၀၈ ခုနှစ်တွင် ပထမဆုံး အကြိမ် ကျင်းပသော ဂဖ်(ဖ)ကွန်ညီလာခံ မှထုတ်ပြန်ချက်။
http://www.gafcon.org/resources/the-complete-jerusalem-statement

ကွာလာလမ်ပူထုတ်ပြန်ချက် (Kuala Lumpur Statement) - တောင်ကမ္ဘာလုံးဆိုင်ရာအင်္ဂလီကန် ကွန်ယက်အဖွဲ့မှ ၁၉၉၇ နှစ်တွင် အတည်ပြုခဲ့သည်။
http://www.globalsouthanglican.org/index.php/blog/comments/the_kuala_lumpur

လင်းဘတ်ဆုံးဖြတ်ချက် ၁.၁၀ (Lambeth Resolution 1.10) - လင်းဘတ်ညီလာခံမှ ၁၉၉၈ ခုနှစ် တွင် အတည်ပြုခဲ့သည်။
http://www.anglicancommunion.org/resources/documents-library/lambeth-conference

အကြံပေးအဖွဲ့ဝင်များ (Panel of Advisors) - ဂဖ်(ဖ)ကွန်သာသနာပိုင်ချုပ်နယ် နှင့် ဂဖ်(ဖ)ကွန်ဌါနခွဲ များမှ သာသနာပိုင်တပါး၊ ဘုန်းတော်ကြီးတပါး နှင့် တပည့်တော်တဦး တို့ပါဝင်သော ဂဖ်(ဖ)ကွန် သာသနာပိုင်ချုပ်ကြီးများ အတွက် အတိုင်ပင်ခံ အကြံပေးသူများအဖွဲ့။

သာသနာပိုင်ချုပ်ကြီးများအစည်းအဝေး (Primates' Meeting) - ကင်တာဘာရီသာသနာပိုင်ချုပ်ကြီး မှခေါ်ယူသော သာသနာပိုင်ချုပ်ကြီးများ အစည်းအဝေး။

ညီလာခံကောင်စီ (Synodical Council) - ဂဖ်(ဖ)ကွန်သာသနာပိုင်ချုပ်ကြီးများကောင်စီ နှင့် အကြံပေးအဖွဲ့ဝင်များ ဂဖ်(ဖ)ကွန်ညီလာခံသို့ အကြံပြုခြင်းများတင်ပြရန် အတွက် အတူတကွ တွေ့ဆုံစည်းဝေးသည့် ကောင်စီ။

---